## 5 ကလေး ပြုစုပျိုးထောင်ခြင်း

ဂျပန်နိုင်ငံတွင်မိသားစုအတွင်း ကလေးငယ်အား ကြည့်ရှုထိမ်းသိမ်းရန်မဖြစ်နိုင်သောအခါတွင် အုပ်ထိန်းသူကိုယ်စား ကလေးအား လက်ခံစောင့်ရှောက်ပေးသော ဂေဟာများရှိသည်။ ထို့အပြင်အချိန်တခုအတွင်း ကလေးအား လက်ခံစောင့်ရှောက်ပေးသောစနစ် နှင့် ကလေးပြုစုပျိုးထောင်နေသည့် အဖော်ရှာဖွေခြင်းအား အကူအညီပေးသော ဂေဟာများလည်းရှိသည်။

### 5-1 အသိအမှတ်ပြုနေ့ကလေးထိန်းဌာန (ကျောင်း)

#### (1) အသိအမှတ်ပြုနေ့ကလေးထိန်းဌာန (ကျောင်း) ဆိုသည်မှာ

အသိအမှတ်ပြုနေ့ကလေးထိန်းဌာန(ကျောင်း)သည် မိသားစုဝင်များကအလုပ်ကြောင့်၊ရောဂါဖြစ်၍ဆေးကုသမှုကိုခံယူခြင်း အစရှိသည်တို့ကြောင့်နေ့အချိန်ကလေးပြုစုစောင့်ရှောက်ရန် ခက်ခဲသောအုပ်ထိန်းသူ ကိုယ်စားလသားအရွယ်မှ မူလတန်း မတက်ရောက်မီအထိ ကလေးငယ်များအားကြည့်ရှုထိန်းသိမ်းပေးသောနေရာဖြစ်သည် ဒေသအစိုးရပိုင်နေ့ကလေးထိန်းဌာန (ကျောင်း) နှင့် ပုဂ္ဂလိကပိုင် နေ့ကလေးထိန်းဌာန (ကျောင်း) များရှိပြီး ပုဂ္ဂလိကပိုင် နေ့ကလေးထိန်းဌာန (ကျောင်း) များအနက် မြို့နယ် မှအသိအမှတ်ပြု နေ့ကလေးထိန်း ဌာန (ကျောင်း) နှင့် အသိအမှတ် ပြုမဟုတ်သော နေ့ကလေးထိန်းဌာန (ကျောင်း) များလည်းရှိသည်။

ဒေသအစိုးရပိုင်နေ့ကလေးထိန်းဌာန (ကျောင်း) နှင့် အသိအမှတ်ပြု နေ့ကလေးထိန်းဌာန (ကျောင်း) များအား လျှောက် ထား သူများပြားသည်။ ထို့အပြင် ကျောင်းသို့ဝင်ရောက်ရန် အချက်အလက် များနှင့်ပြည့်စုံ ရန်လိုအပ်ပြီး၊လျှောက်ထားသူတိုင်းဝင်ခွင့်ရရှိနိုင်မည်မဟုတ်ပါ။လစဉ်ကျောင်းလခမှာလည်းမိသားစု၏ဝင်ငွေအလိုက်သတ်မှတ်ပြီး အခြေခံအားဖြင့် တစ်ရက်လျှင် ရှစ်နာရီ (မနက် ၇ နာရီမှ ညနေ၆ နာရီအထိ) ကြည့်ရှုစောင့်ရှောက်ပေးသည်။ ထို့အပြင်ည ၈ နာရီအထိ အချိန်ပို စောင့်ရှောက်ပေးသောနေရာများလည်း ရှိသည်။

အသိအမှတ်ပြုမဟုတ်သောနေ့ကလေးထိန်းဌာန(ကျောင်း)များ၏လခမှာဝင်ငွေနှင့်မဆိုင်ပဲ၊ထိုနေ့ကလေးထိန်းဌာနမှ သတ်မှတ်ထားသောအခကြေးငွေကိုပေးဆောင်ရမည်ဖြစ်သည်။

| | |
|---|---|
| **ဒေသအစိုးရပိုင် နှင့် အသိအမှတ်ပြု နေ့ကလေးထိန်းဌာန ဝင်ခွင့်လျှောက်ထားရန် လိုအပ်သော စာရွက်စာတမ်း** | · နေထိုင်သူမှတ်တမ်း(မိသားစုဝင် အားလုံးပါဝင်သော)။<br>· ဝင်ငွေခွန်ကိုယ်စားပေးဆောင်ခြင်းမှတ်တမ်း၊ ဂင်ငွေပမာဏအကြောင်းကြားစာမိတ္တူ။<br>· လျှောက်ထားပြီးနောက်လူတွေ့မေးမြန်းခြင်းတွင် မိခင်နှင့်ကလေးကျန်းမာရေးမှတ်တမ်းစာအုပ်အားယူဆောင်သွားရန်။ |